ပြည်ထောင်စုလွှတ်တော်ရုံးက ၂၄-၁-၂၀၁၉ ရက်တွင် ဖြန့်ဝေသည်။

# နိုင်ငံတော်သမ္မတက သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသော မြန်မာ့ကျောက်မျက်ရတနာဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့်သဘောထားမှတ်ချက်အစီရင်ခံစာ

ရက်စွဲ။ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်

၁။ မြန်မာ့ကျောက်မျက်ရတနာဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်က ၁၈-၁၂-၂၀၁၈ ရက်တွင် အတည်ပြုခဲ့ပြီး နိုင်ငံတော်သမ္မတထံသို့ လက်မှတ်ရေးထိုးထုတ်ပြန်နိုင်ရန်ပေးပို့ခဲ့ရာ နိုင်ငံတော်သမ္မတက သဘောထားမှတ်ချက် ၁၄ ချက်ဖြင့် ၂၇-၁၂-၂၀၁၈ ရက်တွင် ပြန်လည်ပေးပို့လာခဲ့ပါသည်။

၂။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်အပေါ် ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်နိုင်ရေး ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ သဘောထားမှတ်ချက်အစီရင်ခံစာတင်ပြရန် ပြည်ထောင်စုလွှတ်တော် နာယက က ၂၇-၁၂-၂၀၁၈ ရက်တွင် တာဝန်ပေးအပ်ခဲ့ပါသည်။

၃။ သို့ဖြစ်၍ ဥပဒေကြမ်းပူးပေါင်းကော်မတီသည် ၂၂-၁-၂၀၁၉ ရက်တွင် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင်များနှင့် အစည်းအဝေးကျင်းပခဲ့ပြီး နိုင်ငံတော်သမ္မတ၏သဘောထားမှတ်ချက်များကို လေ့လာစိစစ်ခဲ့ကြပါသည်။

၄။ ယင်းအစည်းအဝေးတွင် ဆွေးနွေးချက်များအရ နိုင်ငံတော်သမ္မတက သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်း၏ အပိုဒ် ၂ အပိုဒ်ခွဲ (ဒ)၊ အပိုဒ် ၁၈ အပိုဒ်ခွဲ (ဂ)၊ အပိုဒ်ခွဲ(ဃ)၊ အပိုဒ် ၂၁ အပိုဒ်ခွဲ (ဆ) အပိုဒ်ခွဲငယ် (၇)၊ အပိုဒ် ၃၁၊ အပိုဒ် ၃၃ အပိုဒ်ခွဲ (ဃ)နှင့် အပိုဒ် ၅၀ အပိုဒ်ခွဲ (က) တို့ကို နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်အတိုင်းလည်းကောင်း၊ အပိုဒ် ၂ အပိုဒ်ခွဲ (ထ)၊ အပိုဒ်ခွဲ (မ)၊ အပိုဒ် ၁၇ အပိုဒ်ခွဲ (က)၊အပိုဒ်ခွဲ (ဂ)၊ အပိုဒ် ၁၈ အပိုဒ်ခွဲ (ခ)၊ အပိုဒ်ခွဲ (င)၊ အပိုဒ် ၂၀ နှင့် အပိုဒ် ၄၆ တို့ကို နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်နှင့်အညီ ပြင်ဆင်၍လည်းကောင်း၊ အပိုဒ် ၂၁ အပိုဒ်ခွဲ (စ) ကို ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်အတိုင်း လည်းကောင်း အတည်ပြုပြဋ္ဌာန်းသင့်ပါကြောင်း လေ့လာတွေ့ရှိရပါသည်။

၅။ ဥပဒေကြမ်းပူးပေါင်းကော်မတီက ညှိနှိုင်းသဘောတူညီခဲ့သည့် အပိုဒ်၊ အပိုဒ်ခွဲများ၏ ပြင်ဆင်ချက်များကို နောက်ဆက်တွဲပါ ကန့်လန့်ဖြတ်ဇယားတွင် ရှင်းလင်းတင်ပြထားပါသည်။

၆။ သို့ပါ၍ နိုင်ငံတော်သမ္မတက သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသော မြန်မာ့ကျောက်မျက်ရတနာဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၉၉ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။

ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ

ပြည်ထောင်စုလွှတ်တော်ရုံးက ၂၄-၁-၂၀၁၉ ရက်တွင် ဖြန့်ဝေသည်။

## နိုင်ငံတော်သမ္မတက သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသော မြန်မာ့ကျောက်မျက်ရတနာဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့်သဘောထားမှတ်ချက်

ရက်စွဲ။ ၂၂-၁-၂၀၁၉။

| စဉ် | ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက် | နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက် | ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ သဘောထားမှတ်ချက် |
|---|---|---|---|
| ၁ | ၂။(ထ) လက်လုပ်လက်စား တူးဖော်ထုတ်လုပ်ခြင်း ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်အရ ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့တို့ညှိနှိုင်းပြီး ဝန်ကြီးဌာနက သတ်မှတ်ထားသည့် ရတနာနယ်မြေ သို့မဟုတ် ရတနာနယ်မြေပြင်ပ ဧရိယာအတွင်း လက်လုပ်လက်စား လုပ်ကိုင်ခွင့်ပြုသည့် နယ်မြေဧရိယာတွင် တစ်ဧက ထက်မပိုသော လုပ်ကွက်အကျယ်အဝန်းဖြင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကျောက်မျက်ရတနာ လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့တွင် မှတ်ပုံတင်ထားသော နိုင်ငံသားများ စည်းကမ်းနှင့်အညီ တစ်နှစ်အထိ ဝင်ရောက်လုပ်ကိုင်နိုင်သည့် ကျောက်မျက်ရတနာ ရှာဖွေတူးဖော်ထုတ်လုပ်ခြင်းကို ဆိုသည်။ | အပိုဒ် ၂၊ အပိုဒ်ခွဲ (ထ) တွင် "ကျောက်မျက်ရတနာ **ရှာဖွေ**တူးဖော်ထုတ်လုပ်ခြင်း" ဆိုသည့်စကားရပ်နှင့် အပိုဒ် ၂၁၊ အပိုဒ်ခွဲ (စ) တွင် "ကျောက်မျက်ရတနာ**များ** တူးဖော်ထုတ်လုပ်မှု" ဆိုသည့် စကားရပ်တို့ကို "ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ခြင်း" ဟု ဖော်ပြရန်သင့်မသင့် စဉ်းစားသင့်ပါသည်။ ဥပဒေကြမ်း၏ အပိုဒ် ၂ အပိုဒ် ခွဲ (ခ) တွင် "ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ခြင်း" ကို အဓိပ္ပာယ်ဖွင့်ဆိုထား သောကြောင့် အဓိပ္ပာယ်ဖွင့်ဆိုချက် စကားရပ်နှင့် ကိုက်ညီစေရန် ဖြစ်ပါသည်။ | နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်နှင့်အညီ အောက်ပါအတိုင်း ပြင်ဆင်ပြဋ္ဌာန်းသင့်ပါသည်- "၂။(ထ) **လက်လုပ်လက်စား တူးဖော်ထုတ်လုပ်ခြင်း** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ အဖွဲ့၏ သဘောတူညီချက်အရ ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ အဖွဲ့တို့ ညှိနှိုင်းပြီး ဝန်ကြီးဌာနက သတ်မှတ်ထားသည့် ရတနာနယ်မြေ သို့မဟုတ် ရတနာ နယ်မြေပြင်ပ ဧရိယာအတွင်း လက်လုပ်လက်စား လုပ်ကိုင်ခွင့်ပြုသည့် နယ်မြေဧရိယာတွင် တစ်ဧက ထက်မပိုသော လုပ်ကွက်အကျယ်အဝန်းဖြင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကျောက်မျက် ရတနာ လုပ်ကွက်စိစစ်ချထား ပေးရေးအဖွဲ့တွင် မှတ်ပုံတင်ထားသော နိုင်ငံသားများ စည်းကမ်း နှင့်အညီ တစ်နှစ်အထိ ဝင်ရောက်လုပ်ကိုင်နိုင်သည့် ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ခြင်းကို ဆိုသည်။" |
| ၂ | ၂၁။(စ) လုပ်ကိုင်ခွင့်ရရှိသည့်လုပ်ကွက်တစ်ခုချင်း အလိုက် ကျောက်မျက်ရတနာများ တူးဖော်ထုတ်လုပ်မှု၊ တွင်းဝခွန်ပေးဆောင်မှု၊ ရတနာခွန်ပေးဆောင်မှု၊ ရောင်းချမှုနှင့် ကျန်ရှိမှုကို ခွင့်ပြုမိန့်ထုတ်ပေးသည့် ဌာန သို့မဟုတ် အဖွဲ့အစည်းသို့ ခြောက်လတစ်ကြိမ် မပျက်မကွက် တင်ပြရမည်။ | အပိုဒ် ၂၊ အပိုဒ်ခွဲ (ထ) တွင် "ကျောက်မျက်ရတနာ **ရှာဖွေ**တူးဖော်ထုတ်လုပ်ခြင်း" ဆိုသည့်စကားရပ်နှင့် အပိုဒ် ၂၁၊ အပိုဒ်ခွဲ (စ) တွင် "ကျောက်မျက်ရတနာ**များ** တူးဖော်ထုတ်လုပ်မှု" ဆိုသည့် စကားရပ်တို့ကို "ကျောက်မျက်ရတနာတူးဖော်ထုတ်လုပ်ခြင်း" ဟု ဖော်ပြရန် သင့် မသင့် စဉ်းစားသင့်ပါသည်။ ဥပဒေကြမ်း၏ အပိုဒ် ၂ အပိုဒ် ခွဲ (ခ) တွင် "ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ခြင်း" ကို အဓိပ္ပာယ်ဖွင့်ဆိုထားသောကြောင့် အဓိပ္ပာယ်ဖွင့်ဆိုချက် စကားရပ်နှင့် ကိုက်ညီစေရန်ဖြစ်ပါသည်။ | ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်အတိုင်း။ |

D:\backup MET-002 Subsection 13\02 SECOND PDS Hluttaw\Bills\Tables\President return\21-1--2019 Jewel Law President Return excel 3.docx

ပြည်ထောင်စုလွှတ်တော်ရုံးက ၂၄-၁ -၂၀၁၉ ရက်တွင် ဖြန့်ဝေသည်။

| စဉ် | ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက် | နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက် | ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ သဘောထားမှတ်ချက် |
|---|---|---|---|
| ၃ | ၂။(ဒ) **လစ်လပ်လုပ်ကွက်** ဆိုသည်မှာ ကျောက်မျက်ရတနာတူးဖော်ရန်ခွင့်ပြုမိန့်ချထားပေးခြင်း မရှိသေးသည့် လုပ်ကွက်နှင့်ခွင့်ပြုမိန့်သက်တမ်းကုန်ဆုံးပြီးနောက် ဆက်လက်လုပ်ကိုင်ဆောင်ရွက်ရန် လျှောက်ထားခြင်းမရှိသော လုပ်ကွက်ကို ဆိုသည်။ | ဥပဒေကြမ်း၏ အပိုဒ်၂၊ အပိုဒ်ခွဲ (ဒ) ပါ "လစ်လပ်လုပ်ကွက်" ဆိုသည့် စကားရပ်ကို အဓိပ္ပာယ်ဖွင့်ဆိုခြင်း မပြုဘဲ နုတ်ပယ်ရန် သင့် မသင့် စဉ်းစားသင့်ပါသည်။ ဥပဒေကြမ်းတွင် ယင်း "လစ်လပ်လုပ်ကွက်" ဆိုသည့် စကားရပ်ကို ဖော်ပြသုံးနှုန်းထားခြင်း မရှိသောကြောင့် ဖြစ်ပါသည်။ | နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်အတိုင်း။ |
| ၄ | ၁၇။ (က) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကျောက်မျက်ရတနာလုပ်ကွက် စိစစ်ချထားပေးရေးအဖွဲ့သည် ရတနာနယ်မြေ သို့မဟုတ် ရတနာနယ်မြေ ပြင်ပဧရိယာအတွင်း အသေးစားတူးဖော်ထုတ်လုပ်ခြင်း သို့မဟုတ် လက်လုပ်လက်စား တူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းအဖြစ် လုပ်ကိုင်ခွင့်ပြုမည့် နေရာဒေသများကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် လုပ်ကွက်ချထား ပေးနိုင်သည်။<br>(ဂ) ပုဒ်မခွဲ (က) အရ သတ်မှတ်ထားသည့်နေရာဒေသအတွင်းရှိမြေတွင် အသေးစား တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်လိုသူသည် ခွင့်ပြုမိန့်ထုတ်ပေးရန် သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကျောက်မျက်ရတနာ လုပ်ကွက် စိစစ်ချထားပေးရေးအဖွဲ့သို့ လျှောက်ထားရမည်။ | ဥပဒေကြမ်း၏ အပိုဒ် ၁၇၊ အပိုဒ်ခွဲ (က) ပါ "ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် **လုပ်ကွက်ချထားပေးနိုင်သည်**" ဆိုသည့် စကားရပ်အစား "ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် **လုပ်ကွက်သတ်မှတ်ပေးနိုင်သည်**" ဆိုသည့် စကားရပ်ဖြင့် ပြင်ဆင်ဖော်ပြရန် သင့် မသင့် စဉ်းစားသင့်ပါသည်။ အပိုဒ် ၁၇၊ အပိုဒ်ခွဲ(ခ) တွင် "ပုဒ်မခွဲ (က) အရ ကျောက်မျက်ရတနာ လုပ်ကွက်များအဖြစ် **သတ်မှတ်ရာတွင်**" ဟု လည်းကောင်း၊ အပိုဒ် ၁၇၊ အပိုဒ်ခွဲ (ဂ) တွင် "ပုဒ်မခွဲ(က) အရ **သတ်မှတ်ထားသည့်** နေရာဒေသအတွင်းရှိ မြေတွင်" ဟု လည်းကောင်း သုံးနှုန်းထားသဖြင့် ယင်းအသုံးအနှုန်းများဖြင့် ကိုက်ညီစေရန် ဖြစ်ပါသည်။ | နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်နှင့်အညီ ဥပဒေကြမ်း၏ အပိုဒ် ၁၇၊ အပိုဒ်ခွဲ (က)နှင့် အပိုဒ်ခွဲ (ဂ) တို့ကို အောက်ပါအတိုင်း ပြင်ဆင်ပြဋ္ဌာန်းသင့်ပါသည်-<br>"၁၇။ (က) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကျောက်မျက်ရတနာ လုပ်ကွက် စိစစ်ချထားပေးရေးအဖွဲ့သည် ရတနာနယ်မြေ သို့မဟုတ် ရတနာနယ်မြေ ပြင်ပဧရိယာ အတွင်း အသေးစားတူးဖော် ထုတ်လုပ်ခြင်း သို့မဟုတ် လက်လုပ်လက်စား တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းအဖြစ် လုပ်ကိုင်ခွင့်ပြုမည့် နေရာဒေသများကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် လုပ်ကွက် သတ်မှတ်ပေးနိုင်သည်။"<br>(ဂ) ပုဒ်မခွဲ (က) အရ သတ်မှတ်ထားသည့်နေရာဒေသအတွင်းရှိမြေတွင် အသေးစား တူးဖော်ထုတ်လုပ်ခြင်း သို့မဟုတ် လက်လုပ်လက်စား တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်လိုသူသည် ခွင့်ပြုမိန့်ထုတ်ပေးရန် သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကျောက်မျက်ရတနာ လုပ်ကွက် စိစစ်ချထားပေးရေးအဖွဲ့သို့ လျှောက်ထား ရမည်။" |

ပြည်ထောင်စုလွှတ်တော်ရုံးက ၂၄-၁ -၂၀၁၉ ရက်တွင် ဖြန့်ဝေသည်။

| စဉ် | ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက် | နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက် | ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ သဘောထားမှတ်ချက် |
|---|---|---|---|
| ၅ | ၁၈။( ခ ) သတ်မှတ်ထားသော စျေးနှုန်းကို လျှောက်ထားသူက သတ်မှတ်ကာလအတွင်း ပေးသွင်းလျှင် ခွင့်ပြုမိန့် ထုတ်ပေးရမည်။ | ဥပဒေကြမ်း၏ အပိုဒ် ၁၈၊ အပိုဒ်ခွဲ (ခ) ကို "သတ်မှတ်ထားသောစျေးနှုန်းကို **လျှောက်ထားသူက** သတ်မှတ်ကာလအတွင်း ပေးသွင်းလျှင် ခွင့်ပြုမိန့် ထုတ်ပေးရမည်" အစား "သတ်မှတ်ထားသော စျေးနှုန်းကို **ပုဒ်မခွဲ(က) အရ ရွေးချယ်ခံရသူက** သတ်မှတ်ကာလအတွင်း ပေးသွင်းလျှင် ခွင့်ပြုမိန့်ထုတ်ပေးရမည်" ဟု ပြင်ဆင်ဖော်ပြရန် သင့် မသင့် စဉ်းစားသင့်ပါသည်။ တစ်ဦးထက်ပိုသော လျှောက်ထားသူများရှိနေလျှင်လည်း ၎င်းတို့အသီးသီးက သတ်မှတ်စျေးနှုန်းကိုပေးသွင်းရမည့်သဘော သက်ရောက်နေသောကြောင့် ဖြစ်ပါသည်။ | နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်နှင့်အညီ အောက်ပါအတိုင်း ပြင်ဆင်ပြဋ္ဌာန်းသင့်ပါသည်–<br>"၁၈။( ခ )သတ်မှတ်ထားသော စျေးနှုန်းကို လျှောက်ထားသူ သို့မဟုတ် ရွေးချယ်ခံရသူက သတ်မှတ်ကာလအတွင်းပေးသွင်းလျှင် ခွင့်ပြုမိန့် ထုတ်ပေးရမည်။" |
| ၆ | ၁၈။( ဂ ) ခွင့်ပြုမိန့် သက်တမ်းကုန်ဆုံး၍ ခွင့်ပြုမိန့် သက်တမ်းတိုးမြှင့်ခွင့်ပြုသည့်အခါအသေးစားတူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းအတွက် နှစ်နှစ်ထိ တစ်ကြိမ်သာ ခွင့်ပြုမိန့်သက်တမ်းနှင့် စျေးနှုန်းတို့ကို ပြန်လည်သတ်မှတ်ရမည်။ | ဥပဒေကြမ်း၏ အပိုဒ် ၁၈၊ အပိုဒ်ခွဲ(ဂ) ကို "ခွင့်ပြုမိန့် သက်တမ်းကုန်ဆုံး၍ ခွင့်ပြုမိန့်သက်တမ်း တိုးမြှင့်ခွင့်ပြုသည့်အခါ အသေးစားတူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းအတွက် **နှစ်နှစ် အထိတစ်ကြိမ်သာ ခွင့်ပြုမိန့် သက်တမ်းနှင့် စျေးနှုန်းတို့ကို ပြန်လည်သတ်မှတ်ရမည်**" အစား "ခွင့်ပြုမိန့်သက်တမ်းကုန်ဆုံး၍ခွင့်ပြုမိန့်သက်တမ်း တိုးမြှင့်ခွင့်ပြုသည့်အခါ အသေးစားတူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းအတွက် **လိုအပ်ပါက စျေးနှုန်းပြန်လည်သတ်မှတ်ပြီး နှစ်နှစ်အထိ တစ်ကြိမ်သာ ခွင့်ပြုမိန့် သက်တမ်းတိုးပေးရမည်**" ဟု ပြင်ဆင်ဖော်ပြရန် သင့် မသင့် စဉ်းစားသင့်ပါသည်။ သက်တမ်းတိုးမြှင့်ခွင့်ပြုသည့်အခါတိုင်း စျေးနှုန်းကို ပြန်လည်သတ်မှတ်ရမည့်သဘော သက်ရောက်နေသောကြောင့် အပိုဒ် ၁၅၊ အပိုဒ်ခွဲ (ခ)ပါ ဖော်ပြချက်အတိုင်း အဓိပ္ပာယ် ပြည့်စုံစေရန် ရေးသားသင့်ပါသည်။ | နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်အတိုင်း။ |
| ၇ | ၁၈။(ဃ) လက်ရှိလုပ်ငန်း လုပ်ကိုင်နေသူသည် ပုဒ်မခွဲ (ဂ) အရ သတ်မှတ်ထားသော စျေးနှုန်းကို သတ်မှတ်ကာလအတွင်း ပေးသွင်းလျှင် ခွင့်ပြုမိန့်ထုတ်ပေးရမည်။ | ဥပဒေကြမ်း၏ အပိုဒ် ၁၈၊ အပိုဒ်ခွဲ(ဃ) တွင် "**ခွင့်ပြုမိန့်**" ဆိုသည့် စကားရပ်အစား "**သက်တမ်းတိုးခွင့်ပြုမိန့်**" ဆိုသည့် စကားရပ်ဖြင့် ပြင်ဆင်ဖော်ပြရန် သင့် မသင့် စဉ်းစားသင့်ပါသည်။ အသုံးအနှုန်းမှန်ကန်စေရန် ဖြစ်ပါသည်။ | နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်အတိုင်း။ |

ပြည်ထောင်စုလွှတ်တော်ရုံးက ၂၄-၁ -၂၀၁၉ ရက်တွင် ဖြန့်ဝေသည်။

| စဉ် | ပြည်ထောင်စုလွှတ်တော်၏<br>အတည်ပြုချက် | နိုင်ငံတော်သမ္မတ၏<br>သဘောထားမှတ်ချက် | ဥပဒေကြမ်းပူးပေါင်းကော်မတီ၏<br>သဘောထားမှတ်ချက် |
|---|---|---|---|
| ၈ | ၂။( ဓ ) **ကျောက်မျက်ရတနာ လက်လုပ်လက်စား ရှာဖွေတူးဖော်ထုတ်လုပ်သူ** ဆိုသည်မှာ အဆိုပါ ထုတ်လုပ်ခွင့်အတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကျောက်မျက်ရတနာ လုပ်ကွက် စိစစ်ချထားပေးရေးအဖွဲ့တွင် မှတ်ပုံတင်ထားသော နိုင်ငံသားကို ဆိုသည်။<br>၁၈။( င ) လက်လုပ်လက်စားလုပ်ကိုင်လိုသူ နိုင်ငံသား တစ်ဦးချင်းကို သတ်မှတ်ချက်များနှင့်အညီ တစ်နှစ်သက်တမ်းဖြင့် မှတ်ပုံတင်ပေးရမည်။<br><br>၄၆။ ခွင့်ပြုမိန့်ရရှိသူကဖြစ်စေ၊ လိုင်စင်ရရှိသူကဖြစ်စေ၊ ခွင့်ပြုမိန့်ရရှိသူ သို့မဟုတ် လိုင်စင်ရရှိသူ၏ ကိုယ်စား စီမံအုပ်ချုပ်သူ တစ်ဦးဦးကဖြစ်စေ၊ မြေအသုံးပြုခွင့်ပြုမိန့် ရရှိသူကဖြစ်စေ၊ လက်လုပ်လက်စား လုပ်ကိုင်ခွင့်အတွက် မှတ်ပုံတင်ထားသူကဖြစ်စေ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်နှင့်လုပ်ထုံးလုပ်နည်း များကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်လျှင်သော်လည်းကောင်း၊ ခွင့်ပြုမိန့်၊ လိုင်စင်၊ မြေအသုံးပြု ခွင့်ပြုမိန့် သို့မဟုတ် လက်လုပ်လက်စား မှတ်ပုံတင်ပါ စည်းကမ်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင်သော် လည်းကောင်း ဝန်ကြီးဌာနကဖြစ်စေ၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရကဖြစ်စေ အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် –<br>(က) ဒဏ်ကြေးပေးဆောင်စေပြီး လုပ်ငန်းကို ဆက်လက် လုပ်ကိုင်ခွင့်ပြုခြင်း၊<br>( ခ ) ခွင့်ပြုမိန့်၊ လိုင်စင်၊ လက်လုပ်လက်စား မှတ်ပုံတင် သို့မဟုတ် မြေအသုံးပြု ခွင့်ပြုမိန့်ကို ကာလသတ်မှတ်၍ ယာယီရပ်ဆိုင်းခြင်း၊ | ဥပဒေကြမ်း၏ အပိုဒ် ၁၈၊ အပိုဒ်ခွဲ (င) တွင် "**လက်လုပ်လက်စားလုပ်ကိုင်လိုသူ**" ဆိုသည့် စကားရပ်နှင့် အပိုဒ် ၄၆ တွင် "**လက်လုပ်လက်စား လုပ်ကိုင်ခွင့်အတွက် မှတ်ပုံတင်ထားသူ**" ဆိုသည့် စကားရပ်တို့သည် အပိုဒ် ၂ အပိုဒ်ခွဲ(ဓ)ပါ "**ကျောက်မျက်ရတနာ လက်လုပ်လက်စား ရှာဖွေတူးဖော်ထုတ်လုပ်သူ**" ဆိုသည့် အဓိပ္ပာယ်ဖွင့် ဆိုချက်ပါစကားရပ်ကို ရည်ညွှန်းခြင်းဖြစ်ပါက ပြင်ဆင် ဖော်ပြရန် သင့် မသင့် စဉ်းစားသင့်ပါသည်။ ဥပဒေ ကြမ်း၏ အပိုဒ်၂ အပိုဒ်ခွဲ (ဓ) တွင် "ကျောက်မျက်ရတနာ လက်လုပ်လက်စား ရှာဖွေတူးဖော်ထုတ်လုပ်သူ" ကို အဓိပ္ပာယ်ဖွင့်ဆိုထားသောကြောင့် အဓိပ္ပာယ်ဖွင့်ဆိုချက် စကားရပ်နှင့် ကိုက်ညီစေရန် ဖြစ်ပါသည်။<br><br>ဥပဒေကြမ်း၏ အပိုဒ် ၆၆ ပါ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းရမည့် အခကြေးငွေများ ဖော်ပြရာ၌ လက်လုပ်လက်စား မှတ်ပုံတင်ခအပြင် "လက်လုပ်လက်စား တူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းတို့မှ လုပ်ကိုင်ခွင့်အတွက်ရရှိသည့်ငွေ" ဟု ဖော်ပြထားရာ အပိုဒ် ၁၈၊ အပိုဒ်ခွဲ (င) အရ လက်လုပ် လက်စားလုပ်ကိုင်လိုသူအတွက် မှတ်ပုံတင်ပေးခြင်းသာ ဖော်ပြထားပြီး လက်လုပ်လက်စား တူးဖော်ထုတ်လုပ်ခြင်း အတွက် လုပ်ကိုင်ခွင့်ချထားပေးခြင်းနှင့် စပ်လျဉ်း၍ ဈေးနှုန်းသတ်မှတ် ပေးသွင်းနိုင်ကြောင်း ဖော်ပြချက် မပါရှိသည်ကို တွေ့ရှိရပါသည်။ အပိုဒ် ၆၆ ပါအတိုင်း ကောက်ခံလိုပါက အပိုဒ် ၁၈၊ အပိုဒ်ခွဲ (င) တွင် အဆိုပါ အချက်ကို ထည့်သွင်းဖော်ပြရန် သင့် မသင့် စဉ်းစား သင့်ပါသည်။ | နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်နှင့်အညီ ဥပဒေကြမ်း၏ အပိုဒ် ၂ အပိုဒ်ခွဲ (ဓ)၊ အပိုဒ် ၁၈၊ အပိုဒ်ခွဲ (င) နှင့် အပိုဒ် ၄၆ တို့ကို အောက်ပါအတိုင်း ပြင်ဆင်ပြဋ္ဌာန်း သင့်ပါသည်–<br>"၂။( ဓ ) လက်လုပ်လက်စား တူးဖော်ထုတ်လုပ်သူ ဆိုသည်မှာ အဆိုပါထုတ်လုပ်ခွင့်အတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကျောက်မျက် ရတနာလုပ်ကွက် စိစစ်ချထားပေးရေးအဖွဲ့တွင် မှတ်ပုံတင်ထားသော နိုင်ငံသားကို ဆိုသည်။"<br>"၁၈။( င ) လက်လုပ်လက်စား တူးဖော်ထုတ်လုပ်လိုသူ နိုင်ငံသားတစ်ဦးချင်းကို သတ်မှတ်ချက်များ နှင့်အညီ တစ်နှစ်သက်တမ်းဖြင့် မှတ်ပုံတင်ပေး ရမည်။"<br>"၄၆။ ခွင့်ပြုမိန့်ရရှိသူကဖြစ်စေ၊ လိုင်စင်ရရှိသူကဖြစ်စေ၊ ခွင့်ပြုမိန့်ရရှိသူ သို့မဟုတ် လိုင်စင်ရရှိသူ၏ကိုယ်စား စီမံအုပ်ချုပ်သူ တစ်ဦးဦးကဖြစ်စေ၊ မြေအသုံးပြုခွင့် ပြုမိန့်ရရှိသူကဖြစ်စေ၊ လက်လုပ်လက်စား တူးဖော် ထုတ်လုပ်ခွင့်အတွက် မှတ်ပုံတင်ထားသူကဖြစ်စေ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာ ဆောင်ရွက်ရန် ပျက်ကွက်ခြင်း၊ ခွင့်ပြုမိန့်၊ လိုင်စင်၊ မြေအသုံးပြုခွင့်ပြုမိန့် သို့မဟုတ် လက်လုပ်လက်စား မှတ်ပုံတင်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက် ခြင်းပြုလျှင် အလတ်စားတူးဖော် ထုတ်လုပ်ခြင်းအတွက် ဝန်ကြီးဌာနက လည်းကောင်း၊ အသေးစားနှင့် လက်လုပ်လက်စား တူးဖော်ထုတ်လုပ်ခြင်းအတွက် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရကလည်းကောင်း အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ |

| စဉ် | ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက် | နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက် | ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ သဘောထားမှတ်ချက် |
|---|---|---|---|
| | (ဂ) ခွင့်ပြုမိန့်၊ လိုင်စင်၊ လက်လုပ်လက်စား မှတ်ပုံတင် သို့မဟုတ် မြေအသုံးပြု ခွင့်ပြုမိန့် ကို ပယ်ဖျက်ခြင်း။ | ဥပဒေကြမ်း၏ အပိုဒ် ၄၆ တွင် သက်ဆိုင်ရာအဆင့် အလိုက် စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်များကို ရှင်းလင်းစွာ ခွဲခြားရေးသားသင့်ပါသည်။ ထို့ပြင် အပိုဒ် ၄၆ အရ ချမှတ်သော စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်များ အပေါ် အယူခံခွင့် ရှိ မရှိ နှင့် မည်သူ၏ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည်ကို ဖော်ပြရန် သင့် မသင့် စဉ်းစားသင့်ပါသည်။ ဝန်ကြီးဌာနမှ ချထားပေးသည့် အလတ်စားတူးဖော်ထုတ်လုပ်ခွင့်ပြုမိန့်၊ လိုင်စင်နှင့် မြေအသုံးပြုခွင့်မိန့်တို့အပေါ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရက စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ် ချမှတ်နိုင်သည့် သဘောသက်ရောက်နေခြင်းနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်မှ ချထားပေးသည့် ခွင့်ပြုမိန့်၊ လိုင်စင်နှင့် မှတ်ပုံတင်ထားသူများအပေါ် ဝန်ကြီးဌာနက စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ချမှတ်နိုင်သည့် သဘော သက်ရောက်နေခြင်းတို့ကြောင့် ဖြစ်ပါသည်။ | အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် –<br>(က) ဒဏ်ကြေးပေးဆောင်စေပြီး လုပ်ငန်းကို ဆက်လက် လုပ်ကိုင်ခွင့်ပြုခြင်း၊<br>(ခ) ခွင့်ပြုမိန့်၊ လိုင်စင်၊ လက်လုပ်လက်စား မှတ်ပုံတင် သို့မဟုတ် မြေအသုံးပြု ခွင့်ပြုမိန့် ကို ကာလသတ်မှတ်၍ ယာယီရပ်ဆိုင်းခြင်း၊<br>(ဂ) ခွင့်ပြုမိန့်၊ လိုင်စင်၊ လက်လုပ်လက်စား မှတ်ပုံတင် သို့မဟုတ် မြေအသုံးပြုခွင့်ပြုမိန့်ကို ပယ်ဖျက်ခြင်း။” |
| ၉ | ၂၀။(က) အလတ်စားတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ရန် ခွင့်ပြုမိန့်ရရှိသူသည် ရတနာနယ်မြေတွင် မြေအသုံးပြု ခွင့်ပြုမိန့်ရရှိရန် ဝန်ကြီးဌာနသို့ သတ်မှတ်ချက်နှင့်အညီ လျှောက်ထားရမည်။<br>(ခ) ဝန်ကြီးဌာနသည် –<br>(၁) ပုဒ်မခွဲ (က) အရ လျှောက်ထားချက်ကို စိစစ်ပြီး စည်းကမ်းချက်များ သတ်မှတ်၍ မြေအသုံးပြု ခွင့်ပြုမိန့် ထုတ်ပေးနိုင်သည်။<br>(၂) ပုဒ်မခွဲငယ် (၁) အရ မြေအသုံးပြု ခွင့်ပြုမိန့်ထုတ်ပေးသည့်အခါ ခွင့်ပြုမိန့် ရရှိသော လုပ်ကွက်ပြင်ပရှိ လုပ်ငန်းသုံး | ဥပဒေကြမ်း၏ အပိုဒ် ၂၀ တွင် အလတ်စားတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းအတွက် မြေအသုံးပြုခွင့်နှင့် စပ်လျဉ်း၍ ဖော်ပြထားသဖြင့် အသေးစားတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းအတွက်လည်း မြေအသုံးပြုခွင့်နှင့် စပ်လျဉ်း၍ ဖော်ပြရန် သင့် မသင့် စဉ်းစားသင့်ပါသည်။ | နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်နှင့်အညီ အောက်ပါအတိုင်း ပြင်ဆင်ပြဋ္ဌာန်းသင့်ပါသည်–<br>“၂၀။(က) အလတ်စားတူးဖော် ထုတ်လုပ်ခြင်း သို့မဟုတ် အသေးစားတူးဖော် ထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ရန် ခွင့်ပြုမိန့်ရရှိသူသည် ရတနာနယ်မြေတွင် မြေအသုံးပြုခွင့်ပြုမိန့် ရရှိရန် ဝန်ကြီးဌာနသို့ သတ်မှတ်ချက်နှင့်အညီ လျှောက်ထားရမည်။<br>(ခ) ဝန်ကြီးဌာနသည် –<br>(၁) ပုဒ်မခွဲ (က) အရ လျှောက်ထားချက်ကို စိစစ်ပြီး စည်းကမ်းချက်များ သတ်မှတ်၍ မြေအသုံးပြု ခွင့်ပြုမိန့်ထုတ်ပေးနိုင်သည်။ |

ပြည်ထောင်စုလွှတ်တော်ရုံးက ၂၄-၁ -၂၀၁၉ ရက်တွင် ဖြန့်ဝေသည်။

| စဉ် | ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက် | နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက် | ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ သဘောထားမှတ်ချက် |
|---|---|---|---|
| | နေရာ တစ်ခုခုအတွက် မြေအသုံးပြု ခွင့်ပြုမိန့် သက်တမ်းနှင့် မြေငှားရမ်းခ တို့ကို သတ်မှတ်ရမည်။<br>(၃) ပုဒ်မခွဲငယ် (၂) အရ သတ်မှတ်ပေးသည့် မြေအသုံးပြု ခွင့်ပြုမိန့်သက်တမ်း ကုန်ဆုံးပါက သက်တမ်းတိုးမြှင့်ပေး နိုင်သည်။ | | (၂) ပုဒ်မခွဲငယ် (၁) အရ မြေအသုံးပြု ခွင့်ပြုမိန့် ထုတ်ပေးသည့်အခါ ခွင့်ပြုမိန့်ရရှိသော လုပ်ကွက်ပြင်ပရှိ လုပ်ငန်းသုံးနေရာ တစ်ခုခုအတွက် မြေအသုံးပြုခွင့်ပြုမိန့် သက်တမ်းနှင့်မြေငှားရမ်းခတို့ကို သတ်မှတ် ရမည်။<br>(၃) ပုဒ်မခွဲငယ် (၂) အရ သတ်မှတ်ပေးသည့် မြေအသုံးပြု ခွင့်ပြုမိန့်သက်တမ်း ကုန်ဆုံးပါက သက်တမ်းတိုးမြှင့်ပေး နိုင်သည်။” |
| ၁၀ | ၂၁။(ဆ) (၇) စစ်ဆေးရေးအရာရှိချုပ်နှင့်စစ်ဆေးရေး အရာရှိများ၏ စစ်ဆေးမှုကိုခံယူခြင်း။ | ဥပဒေကြမ်း၏ အပိုဒ် ၂၁၊အပိုဒ်ခွဲ (ဆ)၊ အပိုဒ်ခွဲငယ် (၇) ကို “စစ်ဆေးရေးအရာရှိချုပ်နှင့် စစ်ဆေးရေးအရာရှိများ၏ စစ်ဆေးမှုကိုခံယူခြင်း” အစား “စစ်ဆေး ရေးအရာရှိချုပ်၊ **စစ်ဆေးရေးအဖွဲ့**နှင့် စစ်ဆေးရေး အရာရှိများ၏ စစ်ဆေးမှုကိုခံယူခြင်း” ဟု ပြင်ဆင်ဖော်ပြရန်သင့် မသင့် စဉ်းစားသင့်ပါသည်။ အပိုဒ် ၄၄ ပါ စစ်ဆေးရေးအဖွဲ့၏ လုပ်ငန်းတာဝန်များအရ အပိုဒ် ၂၁၊ အပိုဒ်ခွဲ (ဆ) ပါ လုပ်ငန်းများကို စစ်ဆေးရမည်ဖြစ်သောကြောင့်ဖြစ် ပါသည်။ | နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်အတိုင်း။ |
| ၁၁ | ၃၁။ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့သည် အသေးစားတူးဖော်ထုတ်လုပ်ခြင်းနှင့် လက်လုပ်လက်စား ရှာဖွေတူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းအတွက် ဝန်ကြီးဌာနနှင့်ညှိနှိုင်း၍ –<br>၅၀။(က) မည်သူမဆို လက်လုပ်လက်စား ကျောက်မျက် ရတနာ တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းကို ခွင့်ပြုမိန့်မရရှိဘဲ လုပ်ကိုင်ကြောင်း ပြစ်မှု ထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး | ဥပဒေကြမ်း၏ အပိုဒ် ၃၁ တွင် “လက်လုပ်လက်စား **ရှာဖွေ**တူးဖော်ထုတ်လုပ်ခြင်း” ဆိုသည့် စကားရပ်နှင့် အပိုဒ် ၅၀၊ အပိုဒ်ခွဲ (က) တွင် “လက်လုပ်လက်စား **ကျောက်မျက်ရတနာ**တူးဖော်ထုတ်လုပ်ခြင်း” ဆိုသည့် စကားရပ်တို့ကို **“လက်လုပ်လက်စား တူးဖော် ထုတ်လုပ်ခြင်း”** ဟု ဖော်ပြရန် သင့် မသင့် စဉ်းစားသင့် ပါသည်။ ဥပဒေကြမ်း၏ အပိုဒ် ၂၊ အပိုဒ်ခွဲ (ထ) တွင် “လက်လုပ်လက်စားတူးဖော်ထုတ်လုပ်ခြင်း” ကို | နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်အတိုင်း။ |

| စဉ် | ပြည်ထောင်စုလွှတ်တော်၏<br>အတည်ပြုချက် | နိုင်ငံတော်သမ္မတ၏<br>သဘောထားမှတ်ချက် | ဥပဒေကြမ်းပူးပေါင်းကော်မတီ၏<br>သဘောထားမှတ်ချက် |
|---|---|---|---|
| | တစ်နှစ်မှ အများဆုံး သုံးနှစ်ထိ ထောင်ဒဏ် ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။ | အဓိပ္ပာယ်ဖွင့်ဆိုထားသောကြောင့် အဓိပ္ပာယ်ဖွင့်ဆိုချက်စကားရပ်နှင့် ကိုက်ညီစေရန်ဖြစ်ပါသည်။<br><br>ဥပဒေကြမ်း၏ အပိုဒ် ၅၀၊ အပိုဒ်ခွဲ (က)တွင် “ခွင့်ပြုမိန့်မရရှိဘဲ” ဆိုသည့် စကားရပ်အစား “ **မှတ်ပုံတင်ထားခြင်းမရှိဘဲ**” ဆိုသည့် စကားရပ်ဖြင့် ပြင်ဆင်ဖော်ပြရန် သင့် မသင့် စဉ်းစားသင့်ပါသည်။ အပိုဒ် ၂၊ အပိုဒ်ခွဲ(ထ) နှင့် (မ)၊ အပိုဒ် ၁၈၊ အပိုဒ်ခွဲ(င) တို့အရ လက်လုပ်လက်စား တူးဖော်ထုတ်လုပ်ခြင်းသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကျောက်မျက်ရတနာ လုပ်ကွက်စိစစ်ချထားရေး အဖွဲ့ထံတွင် မှတ်ပုံတင်၍လုပ်ကိုင်ရန် ဖော်ပြထားခြင်းကြောင့် ဖြစ်ပါသည်။ | |
| ၁၂ | ၃၃။(ဃ) ခွင့်ပြုမိန့်ရရှိသူက တူးဖော်ထုတ်လုပ်ရရှိသော ကျောက်မျက်ရတနာ အရိုင်းများကို တန်ဖိုးဖြတ် အဖွဲ့သို့ ပြသမှတ်ပုံတင်ခြင်းမပြုဘဲ မသမာမှု ပြုကြောင်း သတင်းရရှိပါက ဤဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ခြင်း၊ | ဥပဒေကြမ်း၏ အပိုဒ် ၃၃၊ အပိုဒ်ခွဲ (ဃ) ကို “**xxxxxxxx** တန်ဖိုးဖြတ်အဖွဲ့သို့ ပြသမှတ်ပုံတင်ခြင်းမပြုဘဲ **xxxxxxxx** ဤဥပဒေနှင့်အညီအရေးယူ ဆောင်ရွက်ခြင်း” အစား “xxxxxxxx တန်ဖိုးဖြတ် အဖွဲ့သို့ ပြသမှတ်ပုံတင် ခြင်းမပြုဘဲ xxxxxxxx ဤဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်**နိုင်ရန်သက်ဆိုင်ရာသို့ တင်ပြခြင်း**”ဟု ပြင်ဆင် ဖော်ပြရန် သင့်မသင့်စဉ်းစားသင့်ပါသည်။ ဥပဒေကြမ်းတွင် တန်ဖိုးဖြတ်အဖွဲ့၌အရေးယူဆောင်ရွက်နိုင်သည့် လုပ်ပိုင်ခွင့် ဖော်ပြထားခြင်း မရှိသောကြောင့် ဖြစ်ပါသည်။ | နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်အတိုင်း။ |